Form (1)
Sr. No. 12263
Dated 23.11.2012

The Myanmar Investment Commission

PERMIT

Permit No. 519/2012

Date 23rd November, 2012

The Myanmar Investment Commission issues this Permit under Section 10 of the Union of Myanmar Foreign Investment Law -

(a) Name of Promoter MR. MASAHIRO NAKAMURA

(b) Citizenship JAPANESE

(c) Address 1863-6 MINATO, HIGASHI - KAGAWA CITY, KAGAWA PREFECTURE, JAPAN

(d) Name and Address of principal THE NAIGAI CORPORATION, 1095, MATSUBARA, HIGASHIKAGAWA-SHI, KAGAWA, JAPAN

(e) Place of incorporation JAPAN

(f) Type of business in which investment is to be made MANUFACTURING OF GLOVES ON CMP BASIS

(g) Place(s) at which investment is permitted PLOT NO.32, INDUSTRIAL AREA, TAIKGYI-BAGO HIGHWAY ROAD, NYAUNG INN VILLAGE, BAGO TOWNSHIP, BAGO REGION

(h) Amount of foreign capital US $ 3.380 MILLION (EQUITY US$ 0.500 MILLION & LOAN US$ 2.880 MILLION)

(i) Period for bringing in foreign capital WITHIN 5 YEARS AFTER ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US $ 3.380 MILLION

(k) Permitted duration of investment 30 YEARS

(l) Name of the economic organization to be formed in Myanmar BAGO SPORTS GLOVES CO., LTD.

Chairman
The Myanmar Investment Commission

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၅၁၉ / ၂၀၁၂

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ (၁၀) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ကမကထပြုသူ၏အမည် MR. MASAHIRO NAKAMURA

(ခ) မည်သည့် နိုင်ငံသား JAPANESE

(ဂ) နေရပ်လိပ်စာ 1863-6 MINATO, HIGASHI - KAGAWA CITY, KAGAWA PREFECTURE, JAPAN

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ THE NAIGAI CORPORATION, 1095, MATSUBARA, HIGASHIKAGAWA-SHI, KAGAWA, JAPAN

(င) ဖွဲ့စည်းရာအရပ် JAPAN

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် လက်အိတ်ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခွင့်ပြုသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်၃၂၊ စက်မှုဇုန်ဧရိယာ၊ တိုက်ကြီး-ပဲခူး အဝေးပြေးလမ်းမ၊ ညောင်အင်းရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း အမေရိကန်ဒေါ်လာ ၃.၃၈၀ သန်း
(ကိုယ်ပိုင်မတည်ငွေရင်း အမေရိကန်ဒေါ်လာ ၀.၅၀၀သန်းနှင့် ချေးငွေ အမေရိကန်ဒေါ်လာ ၂.၈၈၀သန်း)

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး (၅)နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန် ဒေါ်လာ ၃.၃၈၀ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဌ) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းအမည် BAGO SPORTS GLOVES CO., LTD.

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်

REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

Building No.(32), Nay Pyi Taw

Our ref : Ya Ka-1/Na-718/ 2012(12263)
Dated : 23rd November, 2012.

Tel: 95-067-406334,406075
Fax: 95-67-406333

Subject : **Decision of the Myanmar Investment Commission on the proposal for "Manufacturing of Gloves on CMP Basis" under the name of "Bago Sports Gloves Company Limited"**

Reference: Bago Sports Gloves Company Limited Letter dated (12-9-2012)

1. The Myanmar Investment Commission, at its meeting (34/2012) held on (14-11-2012) had approved the proposal for investment in "Manufacturing of Gloves on CMP Basis" under the name of "Bago Sports Gloves Company Limited" submitted by The NAIGAI Corporation from Japan as a wholly owned foreign investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VI, Section 10 of the Republic of the Union of Myanmar Foreign Investment Law and Chapter VI, Article 13 of the Procedures relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 30(Thirty) years commencing from the date of signing of the Lease Agreement for land and extendible for another 15(Fifteen) years two terms period by mutual agreement between Bago Region Government and Bago Sports Gloves Company Limited. At the end of the Lease Agreement for land, Bago Sports Gloves Company Limited shall transfer the leased land to the lessor within 3(three) months in good condition, ground damages having been refilled or repaired.

4. The annual rent for the land shall be calculated at the rate of US$ 1.50 per square metre for the First 10 years, at the rate of US$ 2.00 per square metre for the Second 10 years and at the rate of US$ 2.50 per square metre for the Third 10 years of land area of 10,010 square metre(2.47 acres).

5. In issuing this "Permit," the Commission has granted, amongst the followings, exemptions and reliefs as per Section 21(a), (i) and (j) of the Republic of the Union of Myanmar Foreign Investment Law. Other exemptions

and reliefs under Section 21 shall have to be applied upon the actual performance of the project;

(a) As per section-21(a), exemption from income tax up to 36 (Thirty six) consecutive months starting from the month of commencement of commercial operation.

(b) As per section-21(b), exemption from income tax on profits of the business if they are maintained in a reserve fund and re-invested therein within one year after the reserve is made.

(c) As per section-21(c), right to accelerate depreciation in respect of machinery, equipment, building of other capital assets used in the business to the extent of the original value for the purpose of income-tax assessment.

(d) As per section-21(d), relief from income tax up to 50 percent on profits accrued from exports, following a 3 years tax holidays period.

(e) As per section-21(e), right to pay income-tax payable to the State on behalf of foreigners who have come from abroad and are employed in the enterprise and the right to deduct such payment from the assessable income.

(f) As per section-21(f), right to pay income-tax on the income of the above-mentioned foreigners at the rates applicable to the citizens residing within the country.

(g) As per section-21(g), right to deduct from the assessable income such expense incurred in respect of research and development relating to the enterprise which are actually required and are carried out within the State, only after 3 years tax holidays period.

(h) As per section-21(h), right to carry forward and set-off up to three consecutive years from the year the loss is sustained following the enjoyment of exemption from income-tax, in accordance with Section-4 of the Income Tax Amendment Law, 1991.

(i) As per section-21(i), exemption from customs duty and all other internal taxes on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction.

(j) As per section-21(j), exemption from customs duty and all other internal taxes on such raw materials which are actually required for operation of the business shall be granted within three years of commercial operation following the period of construction.

6. Bago Sports Gloves Company Limited shall have to sign the Lease Agreement for Land with Bago Region Government. After signing such Agreement, (5) copies shall have to be forwarded to the Commission.

7. Bago Sports Gloves Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum and Articles of Association shall have to be forwarded to the Commission.

8. Bago Sports Gloves Company Limited shall use its best efforts for timely realization of works stated in the proposal. If none of such works has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. The commercial date of operation shall be reported to the Commission.

10. Bago Sports Gloves Company Limited shall endeavour to meet the targets for production and export stated in the proposal as the minimum target.

11. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal. Bago Sports Gloves Company Limited shall have to consult with Directorate of Labour, Ministry of Labour, Employment and Social Security for appointment of such foreign experts and technicians.

12. In order to evaluate foreign capital in terms of Kyats and for the purpose of its registration in accordance with the provisions under Section-24 of the Republic of the Union of Myanmar Foreign Investment Law, it is compulsory to report as early as possible in the following manner:

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened;

(b) the detailed lists of the type and value of foreign capital defined under Section-2(h) of the said Law, other than foreign currency.

13. Whenever Bago Sports Gloves Company Limited brings in foreign capital defined under Section-2(h) of the said Law, other than foreign currency in the manner stated in paragraph 12(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

14. After all types of foreign capital (foreign currency and other types of foreign capital) have been brought into Myanmar, a report shall have to be submitted to the Commission as prescribed, vide letter No. Na-Ya 9/101/92 (416) dated 3-12-92 [Annexure (1)]

15. Bago Sports Gloves Company Limited shall have the right to conduct account transfer in exchanging foreign currency into Kyat and vice-versa as per para 20 of the Notification No. 40/2011 issued by the Government of the Republic of the Union of Myanmar, dated 30 September 2011.

16. Bago Sports Gloves Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost over run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

17. Bago Sports Gloves Company Limited shall be responsible for the preservation of the environment at and around the area of the project site. Hence, it shall observe the directive issued by the Commission vide letter No. Ya Ka-1/139/94(0440) dated 30-6-94 [Annexure(2)] to undertake all proper treatment systems and other necessary environmental control systems. In addition to this, it shall carry out as per comments made by Ministry of Environmental Conservation and Forestry in which to draw Environmental Management Plan suggested by Initial Environmental Examination (IEE) in order to affect an environment and public health.

18. Bago Sports Gloves Company Limited shall follow the procedures prescribed by the Commission, vide letter no. Ya Ka-7/ 408/ 94(0424) dated 29-6-94 [Annexure (3)] to expedite the clearance of imports of capital and inter-industry use goods brought in as capital investment and raw materials required during the initial 3 years operation period.

19. Payment of principal and interest of the loan(if any) as well as payment for import of raw materials and spare parts etc., shall only be made out of the official foreign exchange earnings of Bago Sports Gloves Company Limited.

20. Bago Sports Gloves Company Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter VIII, Article 15 of the procedures relating to the Republic of the Union of Myanmar Foreign Investment Law.

(Soe Thane)
Chairman

Bago Sports Gloves Company Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Office of the Bago Region Government
3. Ministry of National Planning and Economic Development
4. Ministry of Finance and Revenue
5. Ministry of Commerce
6. Ministry of Foreign Affairs
7. Ministry of Home Affairs
8. Ministry of Immigration and Population
9. Ministry of Labour, Employment and Social Security
10. Ministry of Electric Power
11. Ministry of Environmental Conservation and Forestry
12. Chairman, CMP Enterprises Supervision Committee
13. Director General, Directorate of Investment and Company Administration
14. Director General, Department of Human Settlements & Housing Development
15. Director General, Directorate of Industrial Supervision and Inspection
16. Director General, Customs Department
17. Director General, Internal Revenue Department
18. Managing Director, Myanma Foreign Trade Bank
19. Managing Director, Myanma Investment and Commercial Bank
20. Managing Director, Myanma Insurance
21. Managing Director, Myanma Electric Power Enterprise

22. Director General, Directorate of Trade
23. Director General, Immigration and National Registration Department
24. Director General, Directorate of Labour
25. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၁/န-၇၁၈/၂၀၁၂ (၁၁၃၁၀.ဃ)

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **Bago Sports Gloves Co., Ltd. မှ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ ဂျပန်နိုင်ငံမှ The Naigai Corporation သည် မြန်မာနိုင်ငံတွင် Bago Sports Gloves Co., Ltd. တည်ထောင်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင် ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ် (၃၂)ရှိ မြေ ၂.၄၇ ဧက (၁၀,၀၁၀ စတုရန်းမီတာ)ကို ကနဦးနှစ်(၃၀) ငှားရမ်းပြီး ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဖြစ် CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် The Naigai Corporation တို့ လက်မှတ်ရေးထိုး ချုပ်ဆိုထားသည့် မြေငှားရမ်းခြင်းစာချုပ်၊ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့် လုပ်ငန်းတည်နေရာပြ မြေပုံကြမ်းများကို ပူးတွဲ တင်ပြထားပါသည်။

၃။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ US$ ၃.၃၈၀သန်း ဖြစ်ပြီး ၎င်းတွင် ငွေသား US$ ၀.၇၆၂ သန်း၊ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းတန်ဘိုး US $ ၀.၉၄၂သန်း၊ ပြည်တွင်း၌ ဝယ်ယူမည့် မော်တော်ယာဥ်တန်ဘိုး US $ ၀.၀၇၃ သန်းနှင့် အဆောက်အဦတန်ဘိုး US $ ၁.၆၀၃ သန်း တို့ ပါဝင်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း ကာလမှာ ကနဦးနှစ်(၃၀)နှင့် တည်ဆောက်မှုကာလမှာ(၈)လဖြစ်ပြီး၊ ကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးပါက လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ ၂.၄၇ ဧက (၁၀,၀၁၀စတုရန်းမီတာ)အား ပထမ (၁၀)နှစ်အတွက် တစ်နှစ်လျှင် တစ်စတုရန်းမီတာ US$ ၁.၅၀နှုန်းဖြင့် လည်းကောင်း၊ ဒုတိယ (၁၀)နှစ်အတွက် တစ်နှစ်လျှင် တစ်စတုရန်းမီတာ US$ ၂.၀၀နှုန်းဖြင့် လည်းကောင်း၊ တတိယ (၁၀)နှစ်အတွက် တစ်နှစ်လျှင် တစ်စတုရန်းမီတာ US$ ၂.၅၀နှုန်းဖြင့် လည်းကောင်း ငှားရမ်းမည်ဖြစ်ပါသည်။

၆။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အဆိုပြုမြေနေရာသည် မြို့ပြဧရိယာနှင့် ဆက်စပ်လျှက် တည်ရှိပါသဖြင့် မြို့ပြစီမံကိန်းနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို ထိခိုက်မှုမရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိနိုင်ပါကြောင်း

နှင့် အနီးနားရှိ ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိလာနိုင်မည်ဖြစ်ပြီး၊ ဒေသစီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(က)**

၇။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ နှစ်စဉ်ထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အား အချိုးအစား ညီညွတ်မျှတမှု ရှိပါကြောင်းနှင့် တည်ဆဲဥပဒေများနှင့် ကိုက်ညီပါက ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ခ)**

၈။ CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီမှ အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ ကိုက်ညီမှုရှိကြောင်း၊ CMP လက်ခရငွေမှာ Direct & Indirect Labour Cost ထက် နည်းနေ၍ အလုပ်သမားပေါ်မူတည်၍ ထုတ်လုပ်မှုအရေအတွက်အား ပြန်လည်သုံးသပ်၍ အသုံးစရိတ်များ စိစစ်တင်ပြသင့်ပါကြောင်း၊ စက်အင်အား၊ လူအင်အား အချိုးအစား ကိုက်ညီမှု ရှိကြောင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး ဆင်းရဲမွဲတေမှု လျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဂ)**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ Bago Sports Gloves Co., Ltd. မှ လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်မှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းလည်ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်သွားနိုင်ရေးအတွက် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိ-မရှိကို ကြိုတင်လေ့လာဆန်းစစ်သည့် (Initial Environmental Examination-IEE)ဖြင့် ကြိုတင်လေ့လာဆန်းစစ်ပြီး၊ အဆိုပါစစ်ဆေးချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် အခြားပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဃ)**

၁၀။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် The Naigai Corporation တို့၏ Land Lease Agreement နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ အောက်ပါအတိုင်း သဘောထား ပြန်ကြားထားပါသည်- **နောက်ဆက်တွဲ(င)**

(က) နှစ်စဉ်ငှားရမ်းခမှာ မည်သည့်ပေါ်တွင် မူတည်၍ တွက်ချက်ကြောင်း ဖော်ပြထားခြင်း မရှိ၍ ဌာန၏ လိုအပ်ချက်နှင့်အညီ ပြန်လည်စိစစ် သင့်ပါကြောင်း၊

(ခ) ငှားရမ်းသည့် ပထမနှစ်အတွက် ငှားရမ်းခ ပေးသွင်းခြင်းနှင့် စပ်လျဥ်းသည့် စည်းကမ်းချက် မပါရှိ၍ ပြန်လည်စိစစ် သင့်ပါကြောင်း၊

(ဂ) ပူးတွဲဖော်ပြရမည့် နောက်ဆက်တွဲပါ ဖော်ပြချက်သည် စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိစေရန် ဌာနမှစိစစ်ရန် လိုအပ်ပါကြောင်းနှင့် စာချုပ်လက်မှတ်ရေးထိုးသည့် အချိန်တွင် နောက်ဆက်တွဲ ပုံစံများပြည့်စုံစွာ ပူးတွဲဖော်ပြရန် လိုအပ်ပါကြောင်း၊

(ဃ) ရည်ညွှန်းထားသော စာချုပ်အပိုဒ်များ မှန်ကန်မှုရှိစေရန် ဌာနမှ ပြန်လည်စိစစ်သင့်ပါကြောင်း၊

(င) တံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၉ အရ အစိုးရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် မရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သော တံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူက ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊

၁၁။ လုပ်ငန်းမှ ထွက်ရှိသော အထည်များ၏ ၁၀၀% ကို ပြည်ပသို့ တင်ပို့မည် ဖြစ်ပါကြောင်း၊ နှစ်စဉ် ထုတ်လုပ်မှုအနေဖြင့် ပုံမှန်နှစ် (၇နှစ်မြောက်)၏ ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

			အရေအတွက် (Pcs)	လက်ခနှုန်း (US$/Pcs)
(က)	Golf Gloves	Style 1	၂၀၀,၀၀၀	၀.၈၀
(ခ)		Style 2	၂၀၀,၀၀၀	၀.၈၀
(ဂ)		Style 3	၂၀၀,၀၀၀	၀.၈၀
(ဃ)		Style 4	၇၂၀,၀၀၀	၀.၈၀
(င)		Style 5	၁၈၀,၀၀၀	၀.၈၀
(စ)		Style 6	၄၂၀,၀၀၀	၀.၈၀

၁၂။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		US $ (သန်း)
(က)	ဝင်ငွေ	၁.၅၃၆
(ခ)	အသုံးစရိတ်	၁.၂၃၉
(ဂ)	အသားတင်အမြတ်	၀.၂၉၇

၁၃။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၁၀)နှစ်နှင့် (၁၁)လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း IRR မှာ ၉.၄၈% ဖြစ်ပါသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ၈၈၀ ကျပ်နှုန်းဖြင့် တွက်ချက် ထားပါသည်။

၁၄။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (၇နှစ်မြောက်) တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ CMP လက်ခရငွေအပေါ် ဝင်ငွေခွန် US $(၀.၀၉၉)သန်း ဖြစ်ပါသည်။

၁၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၂၇၃)ဦး ခန့်ထားမည် ဖြစ်ပြီး၊ ပြည်ပဝန်ထမ်း ခန့်ထားခြင်း မရှိပါ။ အဆိုပါ ဝန်ထမ်းများ၏ လုပ်ခလစာ တစ်နှစ်ရငွေ တစ်ဆယ့်လေးသိန်း လေးသောင်းထက် ကျော်လွန်ပါက ဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာကို တင်ပြထားပါသည်။ စက်ရုံဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စနစ်တကျ စီမံချက်ထားရှိမည် ဖြစ်ပါကြောင်းနှင့် ပတ်ဝန်းကျင် ကာကွယ်ရေး စီမံချက်များ တင်ပြထားပါသည်။

၁၆။ ကုမ္ပဏီ၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် ဂျပန်နိုင်ငံရှိ The Chugoku Bank Ltd. တွင် မိခင် ကုမ္ပဏီဖြစ်သည့် The Naigai Corporation အမည်ဖြင့် (၃၁-၈-၂၀၁၂) နေ့၌ ဘဏ်လက်ကျန် US $ ၄,၆၁၆,၄၇၁.၃၄ နှင့် JPY ၂၃၀,၂၂၂,၃၂၅ ရှိကြောင်း၊ The Naigai Corporation ကို ဂျပန်နိုင်ငံတွင် (၂၀-၂-၁၉၅၆)ရက်စွဲပါ မှတ်ပုံတင်အမှတ် ၄၇၀၀-၀၁-၀၁၁၄၅၀ ဖြင့် မှတ်ပုံတင်ထားကြောင်း တင်ပြထားပါသည်။

၁၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၁ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၈။ **စိစစ်တင်ပြချက်**

(က) Bago Sports Gloves Co., Ltd. ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ US$ ၃.၃၈၀သန်း ဖြစ်ပြီး ချေးငွေမှာ US$ ၂.၈၈၀ သန်းဖြစ်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၈၅.၂၁% မှာ ချေးငွေ ဖြစ်ပါသည်။ ချေးငွေကို မိခင်ကုမ္ပဏီ ဖြစ်သည့် The Naigai Corporation မှ ချေးယူခြင်းဖြစ်ပြီး၊ အတိုး ၂% နှုန်း ပေးဆောင်ရမည် ဖြစ်ကြောင်းနှင့် ချေးငွေအား ၁၅နှစ်ခွဲ၍ ပြန်ဆပ်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

(ခ) မြေငှားစာချုပ်ကို မိခင်ကုမ္ပဏီဖြစ်သည့် The Naigai Corporation အမည်ဖြင့် ချုပ်ဆိုထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) ကော်မရှင်ခွင့်ပြုမိန့် ရရှိပြီးပါက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Bago Sports Gloves Co., Ltd. တို့ ချုပ်ဆိုသည့် မြေငှားစာချုပ်အား ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် နှင့်အညီ ပြင်ဆင် ချုပ်ဆိုမည် ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မေးမြန်းသိရှိရပါသည်။

၁၉။ သို့ပါ၍ Bago Sports Gloves Co., Ltd. တည်ထောင်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ် (၃၂)ရှိ မြေ ၂.၄၇ ဧက (၁၀,၀၁၀စတုရန်းမီတာ) ကို ငှားရမ်းကာ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(အောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Bago Sports Gloves Co., Ltd.	(၁) Mr. Yasunori Tanaka Chairman Japanese P. P No. TH-5605547	1353-1 Matsubara Higashi-Kagawa City, Kagawa Pref, Japan
		(၂) Mr. Masahiro Nakamura Managing Director Japanese P. P No. TK-7279039	1863-6 Minato, Higashi-Kagawa City, Kagawa Pref, Japan
		(၃) Mr. Shinobu Kajihara Director Japanese P. P No. MS-4676250	421-21-512,Nishi-Shinkoiwa, Kagawa Pref, Japan
		(၄) Mr. Koichi Tanaka Director Japanese P. P No. TG-4218276	1353-1 Matsubara Higashi-Kagawa City, Kagawa Pref, Japan

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် -

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - 1863-6 Minato, Higashi-Kagawa City, Kagawa Pref, Japan

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - Mr. Masahiro Nakamura Managing Director

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးအစိုးရအဖွဲ့

ပဲခူးတိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၁ - ၁၄ / ဦး ၆

ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

သို့

M-1701
15.10.12

အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **Bago Sports Gloves Co., Ltd မှ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၄-၉-၂၀၁၂)ရက်စွဲပါစာအမှတ် ၊ ရက - ၆ (ခ) / န - ၇၁၈ / ၂၀၁၂ (၁၁၀၀၄)

၁။ ဂျပန်နိုင်ငံမှ The Naigai Corporation သည် မြန်မာနိုင်ငံတွင် **Bago Sports Gloves Co., Ltd** တည်ထောင်ပြီး၊ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်(၃၂)၊ စက်မှုဇုန်ဧရိယာ ပဲခူးတိုင်းဒေသကြီးတွင် (၂.၄၇)ဧကအား ငှားရမ်းပြီး၊ CMP စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် အဆိုပြု တင်ပြလာကြောင်း၊ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ပြန်ကြားပေးရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်-

(က) အဆိုပြုမြေနေရာသည် မြို့ပြစီမံကိန်းနှင့်ကိုက်ညီမှု ရှိ/မရှိ၊

(ခ) ပြည်သူတို့၏ လူမှုစီးပွားရေးကို ထိခိုက်နိုင်မှု ရှိ/မရှိ၊

(ဂ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိ/မရှိ၊

(ဃ) မြို့နယ်/ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ကိုက်ညီမှု ရှိ/မရှိ၊

၂။ အဆိုပြုလုပ်ငန်းဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ အထက်ဖော်ပြပါ အချက်(၄)ချက်အား အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုမြေနေရာသည် ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအတွင်း ကျရောက်ပြီး၊ ၁၉၅၃ နှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ၊ ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာနပိုင်မြေအဖြစ် တရားဝင်ခွင့်ပြုချက်ရရှိခဲ့ပြီးမြေဖြစ်ပြီး၊ ၎င်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးထားသောမြေဖြစ်သဖြင့် လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်မှုမရှိနိုင်ပါကြောင်းနှင့် မြို့ပြဧရိယာနှင့် ဆက်စပ်လျက်တည်ရှိပါသဖြင့် မြို့ပြစီမံကိန်းနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊

(ခ) လျှောက်ထားမြေအတွင်း လက်ရှိအခြေချနေထိုင်သူများမရှိခြင်း၊ သီးနှံစိုက်ပျိုးလုပ်ကိုင်မှုများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နေမှုမရှိပါသဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို ထိခိုက်မှု မရှိနိုင်ပါကြောင်း၊

FROM :

(ဂ) လျှောက်ထားမြေသည် ၁၉၉၆ ခုနှစ်ကပင် စက်မှု(၁)ဝန်ကြီးဌာနပိုင်မြေအဖြစ် တရားဝင် အသုံးပြုခွင့် ရခဲ့ပြီးဖြစ်ခြင်း၊ ဌာနပိုင်မြေအဖြစ် မရမီကလည်း ယင်းမြေများသည် တောရိုင်းမြေနှင့် လှပ်မြေများသာဖြစ်ခြင်း၊ ပတ်ဝန်းကျင်တွင် တိုက်ကြီး-ညောင်အင်းကားလမ်းနှင့် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းမြေများသာရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်ပါကြောင်း၊

(ဃ) လျှောက်ထားမြေတွင် ဂေါက်လက်အိတ်စက်ရုံတည်ဆောက်ဖွင့်လှစ်ပါက အနီးနားရှိ ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပြီး၊ ဒေသစီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊

၂/၁၀

ဝန်ကြီးချုပ်(ကိုယ်စား)
ဦးမောင်မောင်သန်း၊ အတွင်းရေးမှူး

မိတ္တူ

မျှောစာတွဲ
လက်ခံစာတွဲ

D:smgmg.new file Page 115

၁၂၊၁၀

M. 1492
3/10

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၄၁)နေပြည်တော်

စာအမှတ်၊ ၁၅၁၅(၅) မပတ-၁/၃/ ၂၀၁၂ (၂၃၂၆)
ရက် စွဲ ၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

အကြောင်းအရာ။ **Bago Sports Gloves CO., Ltd. မှ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်နှင့် ပတ်သက်၍ သဘောထား မှတ်ချက်တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄.၉.၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၁/န-၇၁၈/၂၀၁၂ (၁၁၀၀၅)

၁။ ဂျပန်နိုင်ငံမှ The Naigai Corporation သည် မြန်မာနိုင်ငံတွင် Bago Sports Gloves CO., Ltd. တည်ထောင်၍ ပဲခူးတိုင်းဒေသကြီး၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ်(၃၂)ရှိ၊ မြေ ၂.၄၇ ဧကအား ငှားရမ်းပြီးရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလာခြင်းအပေါ်ကော်မရှင်မှသဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

စိစစ်တင်ပြချက်

၂။ Bago Sports Gloves CO., Ltd. မှ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်-

(က) လုပ်ငန်းရည်ရွယ်ချက် - နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေများရရှိစေရန်နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်

(ခ) လုပ်ငန်း/စက်ရုံအမည် - Bago Sports Gloves CO., Ltd. CMP စနစ်လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဂ) တည်နေရာနှင့် အကျယ်အဝန်း -
(၁) ပဲခူးတိုင်းဒေသကြီး၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ်(၃၂)
(၂) မြေ ၂.၄၇ ဧက
(၃) ဦးမောင်မောင်သန်း(The Secretary of Bago RegionalGovernment)နှင့်နှစ်(၃၀)ငှားရမ်းသဘောတူစာချုပ်ချုပ်ထားပါသည်။

(ဃ) ပိုင်ရှင်အမည်/ရာထူး - Mr. Masahiro Nakamura (D)

(င) စက်ကိရိယာတပ်ဆင်မှု - ပြည်ပမှ စက်ကိရိယာ ၂၀၅ လုံးတင်သွင်းမည်ဟုဖော်ပြထားပါသည်။

(စ) လုပ်ငန်းအမျိုးအစား - CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဇ) ထုတ်ကုန်အမျိုးအစား နှင့်အရည်အသွေး - Golf Gloves (Style - 1, Style - 2, Style - 3, Style – 4, Style - 5, Style - 6)

(ဈ) တစ်နှစ်ကုန်ချောထုတ်လုပ်မှု- နှင့်တန်ဖိုး Golf Gloves

Style - 1 - 50000 Pcs

Style - 2 - 90000 Pcs

Style - 3 - 90000 Pcs

Style - 5 - 80000 Pcs

Style - 6 - 140000 Pcs

(ည) ရင်းနှီးမြှုပ်နှံမှု - USD 3380000

နိုင်ငံသားရင်းနှီးမြှုပ်နှံမှု/ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဋ) ဖြန့်ဖြူးမည့်ဒေသ နှင့်ဈေးကွက် - ပြည်ပ ၁၀၀ %

(ဌ) အလုပ်သမားဦးရေ - ပြည်တွင်း (၂၇၃) ဦး၊ ပြည်ပ (၁) ဦး

- ၂၇၄ ဦး

သုံးသပ်တင်ပြချက်

၃။ သို့ဖြစ်ပါ၍ Bago Sports Gloves CO., Ltd. မှ CMP စနစ်ဖြင့်လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်ပတ်သက်၍ -

(က) ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း ဖြစ်ပါသည်၊

(ခ) ပဲခူးတိုင်းဒေသကြီး၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ် (၃၂)ရှိ၊ မြေ ၂.၄၇ ဧကအား ငှားရမ်းလုပ်ကိုင်မည်ဟု ဖော်ပြထားပါသည်၊

(ဂ) နှစ်စဉ်ထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အား အချိုးအစားညီညွတ်မျှတမှုရှိပါသည်၊

(ဃ) တည်ဆဲဥပဒေများနှင့်ညီပါက ကန့်ကွက်ရန် မရှိကြောင်း သုံးသပ်အပ်ပါသည်။

၄။ သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

စိုးလှိုင်
ညွှန်ကြားရေးမှူးချုပ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မိတ္တူကို

- စက်မှုဝန်ကြီးဌာန — သိသာနိုင်ပါရန်တင်ပြအပ်ပါသည်။
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄-အလ/ခွဲ(၂)၂၀၁၂ (၈၁၂၂)
ရက် စွဲ ၊ ၂၀၁၂ ခုနှစ် ၊ အောက်တိုဘာလ ၄ ရက်

9.1653
1/10/12 သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

အကြောင်းအရာ။ **Bago sports Gloves Co., Ltd မှ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်အပေါ် သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄-၉-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ရက-၆(ခ)/န-၇၁၅/၂၀၁၂(၁၁၀၀၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ စက်မှုဇုန်ဧရိယာ မြေကွက်(၃၂) (ဧရိယာ (၂.၄၇ဧက) တွင် Bago sports Gloves Co.,Ltd မှ အမည်ဖြင့် လက်အိတ်ထုတ်လုပ်ခြင်း လုပ်ငန်းကို ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဖြစ် CMP စနစ်ဖြင့်ဆောင်ရွက်ရန် တင်ပြမှုအပေါ် CMP လုပ်ငန်းများ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန် ကြားရေးမှူးချုပ် ဦးဝင်းရှိန် နှင့် ရာဘာပစ္စည်းစက်ရုံ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်နွဲ့ တို့သည် ၂၉.၉.၁၂ ရက် (၁၂း၀၀) နာရီတွင် တာဝန်ခံနှင့်တွေ့ဆုံ၍ စိစစ်ခဲ့ပါသည်။

၂။ Bago sports Gloves Co.,Ltd ၏ စက်ရုံတည်ဆောက်မည့် မြေကွက်မှာ မည်သည့် တည်ဆောက်မှု လုပ်ငန်းမှ ဆောင်ရွက်ခြင်း မရှိသေးကြောင်းနှင့် အဆိုပြုချက်အား ရာဘာပစ္စည်း စက်ရုံ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်နွဲ့ မှ အောက်ပါအတိုင်း စိစစ်တင်ပြ လာပါသည် -

(က) **C.M.P ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှုအချိုးအစား ညီညွတ်မှု ရှိ/မရှိ၊**
အဆိုပြုချက်ပါ လက်အိတ် ထုတ်လုပ်ရန် ကုန်ကြမ်းများမှာ Synthetic Leather (၅)မျိုး၊ Logo၊ Envelop၊ Leather (Foreign)Fabric (၃)မျိုး၊ Sewing thread၊ Velcro၊ Piping Packing Mat (၂)မျိုး၊ Elastic Band ၊ Label ၊ Inner Box Master Carton များဖြစ်ပြီး ထုတ်လုပ်မည့် ကုန်ချော အရေအတွက်မှာ ပထမနှစ် အတွက် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(၁)	Style(1)	-	50000 Pcs
(၂)	Style(2)	-	90000 Pcs
(၃)	Style(3)	-	90000 Pcs
(၄)	Style(4)	-	-
(၅)	Style(5)	-	80000 Pcs

130

(၆) Style(5) - 140000Pcs

Total - 450000Pcs

လက်အိတ် အမျိုးမျိုးအတွက် ကုန်ကြမ်းလိုအပ်ချက် တွက်ချက်ရာတွင် Sewing thread (အပ်ချည်)မှာ 900% ရှိ၍ စံကိုက်ညီမှု မရှိဘဲ ပြန်လည်တင်ပြရန် လိုပြီး ကျန်ကုန်ကြမ်းများမှာ ကိုက်ညီမှု ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) **C.M.P လက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ**

1- Year Production

(1)	Style(1)	-	50000 Pcs x 0.8 US$/Pcs =40000 US$
(2)	Style(2)	-	90000 Pcs x 0.8 US$/Pcs = 72000 US$
(3)	Style(3)	-	90000 Pcs x 0.8 US$/Pcs = 72000 US$
(4)	Style(5)	-	80000 Pcs x 0.8 US$/Pcs = 64000 US$
(5)	Style(6)	-	140000Pcs x 0.8 US$/Pcs = 112000 US$
			Total = 360000 US$

(1)	Income form CMP Charges	-	360000 US$
(2)	Expenditure	-	693461 US$
	Diret & Indirect labour Cost	-	387840 US$
	Diret + Indirect Overhead Cost	-	43373 US$
	Land & House Rental Expense	-	24761 US$
	Interest Expense	-	51039 US$
	Selling & Distrubution Expense	-	87543 US$
	2% CMP Charges	-	7200US$
	Depreciation	-	91705 US$
	Net Profit (1)-(2)	-	**(-)333461 US$**

အဆိုပြုချက်ပါ C.M.P လက်ခ နှုန်းထားများသည် ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် အရှုံးခံပြီး တတိနှစ်တွင် အမြတ်ရရှိမည်ဖြစ်ကြောင်း တွေ့ရှိရ၍ C.M.P လက်ခရငွေမှာ Diret & Indirect labour Cost ထက်နည်းနေ၍ အလုပ်သမားပေါ်မူတည်၍ ထုတ်လုပ်မှု အရေအတွက်အား ပြန်လည်သုံးသပ်၍ အသုံးစရိတ်များ စိစစ်တင်ပြသင့်ပါသည်။

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

(၁)	Zigzag Sewing M/c	-	15 Nos
(၂)	Doubal Needle Sewing M/c	-	30 Nos
(၃)	Single Sewing M/C	-	22 Nos
(၄)	Needle Upper & Lower Feed Lock Stittch Sewing M/C	-	70 Nos
(၅)	Overlock M/C	-	2 Nos

(၆)	Sewing Arm Press	-	15 Nos
(၇)	Steam Iron (Gas Type)	-	12 Nos
(၈)	Dry Iron (Electric Type)	-	4 Nos
(၉)	Fabric Inspection M/C	-	1 Nos
(၁၀)	Cloth Cutting M/C	-	5 Nos
		Total	**176 Nos**

အဆိုပြုချက်ပါ လက်အိတ်ထုတ်လုပ်ရာတွင် Machine 176လုံး၊ Skilled Worker 244 ဦး ဖြင့် လုပ်ကိုင်မည်ဖြစ်၍ စက်အင်အား၊ လူအင်အား အချိုးအစား ကိုက်ညီမှု ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ Bago sports Gloves Co.,Ltd အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြု ချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲမွဲတေမှု လျော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် လက်အိတ် ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့် ကို အားပေးဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ် ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြင့်သိန်း၊ အတွင်းရေးမှူး)
(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)

မိတ္တူကို

- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
  (CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
- အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
  (CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
- Bago sports Gloves Co.,Ltd
- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

M-2080
9/u

စာအမှတ် ၂/၂၂၀(ခ)(၆)/(၃၆၁၄ /၂၀၁၂)
ရက်စွဲ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>Bago Sports Gloves Co.ltd မှ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်းကိစ္စ</u>

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၁ - ၁၀ - ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၇က-၆ (ခ)/န-၇၁၈/၂၀၁၂ (၁၁၇၇၄)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဂျပန်နိုင်ငံမှ The Naigai Corporation သို့ မြန်မာနိုင်ငံတွင် Bago Sports Gloves Co.ltd တည်ထောင်၍ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ပဲခူးတိုင်းဒေသကြီးတွင် မြေကွက်အမှတ် (၃၂)စက်မှုဇုန်ဧရိယာ၊ (၂.၄၇)ဧကအား ဌားရမ်း၍ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ဌာနဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

၂။ အဆိုပြုလွှာအား စိစစ်ရာတွင် ဆောင်ရွက်မည့်လုပ်ငန်းမှာ Manufacturing and sale of various gloves လုပ်ငန်းဖြစ်ပြီး စီမံကိန်းကာလမှာ ၃၀ နှစ်ကြာမြင့်မည်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေမှာ အမေရိကန်ဒေါ်လာ ၅,၀၀၀,၀၀၀(မြန်မာငွေကျပ်သန်းလေးထောင့်လေးရာ) ဖြစ်ပါကြောင်း ။ ကုမ္ပဏီအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ငန်းအဆိုပြုချက်၊ ကုမ္ပဏီ၏ အမှုဆောင်အဖွဲ့စာရင်း၊ ကုမ္ပဏီမှလိုက်နာဆောင်ရွက်မည့်ကိစ္စရပ်များ၊ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုကြောင့်ရရှိလာမည့် အကျိုးအမြတ်များ၊ ဝန်ထမ်းများရရှိမည့် အကျိုးခံစားခွင့်များ၊စက်ရုံတွင်အသုံးပြုမည့် စက်ပစ္စည်းကိရိယာများ၊ရုံးသုံးပစ္စည်းကိရိယာများနှင့်ကုန်ကြမ်းများစာရင်း၊ ထုတ်ပိုးရာတွင် အသုံးပြုမည့် ပစ္စည်းများစာရင်း၊ အဆောက်အဦးဆောက်လုပ်ရာတွင် အသုံးပြုမည့်ပစ္စည်းများစာရင်း၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း ။ သင်းဖွဲ့စည်းမျဉ်း ။ ရင်းနှီးမြှုပ်နှံမည့်

ငွေကြေးဆိုင်ရာ အထောက်အထားများ၊ မြေငှားစာချုပ်၊ ဝန်ထမ်းအင်အား စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားကြောင်း၊ အဆိုပြုလုပ်ငန်းကို အပိုင်း(၁) နှင့် အပိုင်း(၂) ဟူ၍ နှစ်ပိုင်းခွဲခြား ဆောင်ရွက်မည်ဖြစ်ပြီး ၊ အပိုင်း(၂)ကို လုပ်ငန်းစတင်ပြီး (၄) နှစ်အကြာတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ထို့ပြင်အဆိုပြု လုပ်ငန်းအတွက် ကုမ္ပဏီ၏ Factory Social and Welfare Plan တွင် ပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်ရေးအတွက် လုပ်ငန်းခွင် လေကောင်းလေသန့်ရရှိရေး၊ ရေသန့်ရရှိရေး သင့်တော်မည့် ရေစီးရေလာစနစ်ကို စီမံထားရှိမည်ဖြစ်ကြောင်း ၊ စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမည်ဖြစ်ကြောင်း၊ စက်ရုံပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်တောင်းများ စနစ်တကျထားရှိခြင်း၊ sanitation work များတွင် အလုပ်သမားများ ပူးပေါင်းပါဝင်လာစေရန် လေ့ကျင့်သင်ကြားပေးခြင်း ၊ လုပ်ငန်းခွင် လေကောင်းလေသန့်ရရှိစေရန် ပြတင်းပေါက်များဖွင့်ထားခြင်း၊ exhaust fans နှင့် air-conditioners များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း ယေဘုယျ ဖော်ပြထားပါသည်။

၄။ အဆိုပြုလွှာတွင် ပတ်ဝန်းကျင်ရှိ မြေအနေအထား၊ ရေနုတ်မြောင်း၊ စွန့်ပစ်ရေဆိုး ပြန်လည်သန့်စင်မည့်နေရာ ၊ လုပ်ငန်းမှထွက်ရှိမည့် စွန့်ပစ်အစိုင်အခဲ ၊ အရည်နှင့်အငွေ့များအား ပြန်လည်သန့်စင်ဆောင်ရွက်မည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်များ ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် မပါရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၅။ အားကစား လက်အိတ်အမျိုးမျိုး ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများတွင် natural ဖြစ်သော Sheep Leather နှင့် Synthetic Leather နှစ်မျိုးစလုံးကို အသုံးပြုမည်ဖြစ်ရာ ပတ်ဝန်းကျင်အပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ natural နှင့် synthetic Leather နှစ်မျိုးအနက် synthetic Leather သည် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ပိုမိုဖြစ်ပေါ်နိုင်ကြောင်းသိရှိရပါသည်။ အကယ်၍ အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများသည် petroleum based synthetic material များဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်နိုင်သည့် toxic substance များ ထွက်ရှိ နိုင်ပါသည်။ ဥပမာ- leather tanning များမှ chromium နှင့် အခြားဘေးဖြစ်စေနိုင်သည့် စွန့်ပစ် အစိုင်အခဲ ၊ စွန့်ပစ်အရည်များ ထွက်ရှိနိုင်ပါသည်။ ထို့အပြင် leather သည် ပျက်စီးရန် နှစ်ပေါင်း (၂၅) နှစ်မှ (၄၀) နှစ်အထိ ကြာမြင့်ပြီး petroleum based synthetic material များဖြစ်ပါက မြေကြီးထဲတွင် နှစ်ပေါင်း ၅၀၀ သို့မဟုတ် ထို့ထက်ကြာမြင့်မှ ပျက်စီးနိုင်ကြောင်း လေ့လာသိရှိရပါသည်။

၆။ သို့ဖြစ်၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဂျပန်နိုင်ငံမှ The Naigai Corporation သို့ မြန်မာနိုင်ငံတွင် Bago Sports Gloves Co.ltd တည်ထောင်၍ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပဲခူးတိုင်းဒေသကြီးတွင် မြေကွက်အမှတ် (၃၂)စက်မှုဇုန်ဧရိယာ၊ (၂.၄၇) ဧကအား ငှားရမ်း၍ CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ အဆိုပါလုပ်ငန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းလည်ပတ်ခြင်း နှင့် ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းပညာများအသုံးပြုရန် ၊ အဆိုပါလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများကြောင့်သော်လည်းကောင်း၊ စက်ကိရိယာများကြောင့်သော်လည်းကောင်း လေထုညစ်ညမ်းမှု ၊ အသံဆူညံမှု ၊ ကုန်ပစ္စည်း ထုတ်လုပ်ခြင်းမှ စွန့်ပစ်ပစ္စည်းများ ၊ ရေဆိုးများ ထွက်ရှိနိုင်သည့်အတွက် ရေထုညစ်ညမ်းမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာနိုင်သဖြင့် ပတ်ဝန်းကျင်ကိုထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်နှင့် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိ-မရှိကို ကြိုတင်လေ့လာဆန်းစစ်သည့် Initial Environmental Examination-IEE ကို ကျွမ်းကျင်သူများ ပါဝင်သည့် တတိယအဖွဲ့ဖြင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် ဆန်းစစ်တွေ့ရှိချက်အပေါ် အခြေခံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် ရေးဆွဲတင်ပြပြီး ၊ စီမံချက်ပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် အခြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးဝင်း ၊ ရုံးအဖွဲ့မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
-ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

လျှို့ဝှက်

၁

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပဲခူးမြို့
စာအမှတ် ---
ရက်စွဲ --- ၂၀-၅-၁၂ ---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၃- ၁၅/နပတ(၁၈၉)

ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ မေလ ၂၃ ရက်

အကြောင်းအရာ။ **ဂျပန်နိုင်ငံ NAIGAI ကုမ္ပဏီ၏ မြေငှားရမ်းသဘောတူစာချုပ်အတည်ပြုနိုင်ရေးကိစ္စ**

ရည်ညွှန်းချက်။ (၁) ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ၃-၄-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၇/ ခ/(၃)၁/၀(၅၈၉)

(၂) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၃၀-၃-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၃/ ၂-၁/ဦး ၆

၁။ ဂျပန်နိုင်ငံ NAIGAI ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီးအတွင်း ဂေါက်လက်အိတ် စက်ရုံတည်ဆောက်ရန်အတွက် မြေငှားရမ်းဆောင်ရွက်လိုမှုအပေါ် တင်ပြသည့် မြေငှားစာချုပ်အား ဥပဒေနှင့်အညီ ပြည့်စုံစွာဆောင်ရွက်နိုင်ရေးအတွက် စိစစ်လမ်းညွှန်မှုပြုနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ရည်ညွှန်းချက်ပါစာဖြင့် မြေငှားစာချုပ်(မူကြမ်း) ကို ပူးတွဲပေးပို့၍ လမ်းညွှန်မှုခံယူလာသည့် ကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်(၁)ပါစာအရ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ မြေငှားစာချုပ် အပေါ် ဥပဒေအကြံပြုချက်ပေးပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရည်ညွှန်းချက်(၂)ပါစာဖြင့် ပေးပို့ခဲ့၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းဖြစ်သောကြောင့်

လျှို့ဝှက်

M-017/E/DNWWC/NAIGAI(16-5-2012)

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဌ)နှင့်အညီ ဤရုံးမှသဘောထားမှတ်ချက်ပြု ပေးရန် ဆက်လက်ပေးပို့လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်ပါစာနှင့်အတူ ပူးတွဲပေးပို့လာသော မြေငှားရမ်းသဘောတူ စာချုပ်(မူကြမ်း)ကို ဥပဒေရှုထောင့်မှလေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ် ပါသည်-

(က) စာချုပ်(မူကြမ်း)တွင် ကွက်လပ်များပါရှိနေ၍ စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာဖြည့်စွက်ထားရန်လိုအပ်မည်ဖြစ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) WHEREAS တတိယစာပိုဒ်သည် အပိုဒ် 18.01 ၌ပါရှိပြီးဖြစ်သဖြင့် မလိုအပ်၍ ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) ငှားရမ်းမည့်ကာလကို Article I Scope of Agreement အပိုဒ်1.01 တွင် 30(thirty) years ဟု လည်းကောင်း၊ အပိုဒ် 1.02 တွင် 30 (twenty)years ဟု လည်းကောင်း၊ အပိုဒ် 4.02 တွင် 30 (twenty)years ဟု လည်းကောင်း၊ သက်တမ်းတိုးမည့် အကြိမ်နှင့် ကာလကို အပိုဒ် 1.01 15 five years two teams ဟုလည်းကောင်း၊ အပိုဒ် 1.02 တွင်15 five two teams ဟု လည်း ကောင်း၊ အပိုဒ် 4.02 တွင် 15 fifteen-years 2 terms ဟု လည်းကောင်း အမျိုးမျိုးဖော်ပြထားရာ မှန်ကန်မှုရှိစေရန် ဌာနမှ ပြန်လည် စိစစ်သင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) Article II ANNUAL RENTAL AND PAYMENT TERMS တွင်ဖော်ပြထားသော ငှားရမ်းခမှာ မည်သည့်

ပေါ်တွင်မူတည်၍ တွက်ချက်ကြောင်းဖော်ပြထားခြင်းမရှိ၍ ဌာန၏ လိုအပ်ချက်နှင့်အညီ ပြန်လည်စိစစ်သင့်ပါသည်၊

(င) စာချုပ်(မူကြမ်း) Article II Annual Rental and Payment Terms အပိုဒ် 2.02 တွင် ငှားရမ်းခတွင် ငှားရမ်း သည့်ပထမနှစ်အတွက် ငှားရမ်းခပေးသွင်းခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်မပါရှိ၍ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(စ) စာချုပ်(မူကြမ်း) Article V 5.01(4) တွင် Appendix ဟု ဖော်ပြထား သော်လည်း ပူးတွဲပါရှိလာခြင်းမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်သဖြင့် နောက်ဆက်တွဲပါဖော်ပြချက် သည် စာချုပ်ပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိစေရန် ဌာနမှစိစစ် ရန်လိုအပ်ပါသည်။ စာချုပ်လက်မှတ်ရေးထိုးသည့် အချိန်တွင် နောက်ဆက်တွဲ ပုံစံများပြည့်စုံစွာ ပူးတွဲဖော်ပြရန်လိုအပ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) Article V Lessee's Obligation 5.01(7) နောက်ဆုံး စာကြောင်းတွင် ရည်ညွှန်းထားသော အပိုဒ် 15.03 မှာ စာချုပ်တွင် ပါရှိလာခြင်းမရှိပါ။ ရည်ညွှန်းထားသောအပိုဒ် မှန်ကန်မှုရှိ စေရန် ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်၊

(ဇ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၃။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရအစိုးရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သောတံဆိပ် ခေါင်းခွန်ကို အငှားချထားခြင်းခံရသူက ထမ်းဆောင်ရမည်ဖြစ်ပါသည်။

M. 1528
5/10

96/4
4/12

ကြေးနန်းလိပ်စာ - "စိစစ်တိုး"
တယ်လီဖုန်းအမှတ် -၄၀၆၀၆၅
-၄၀၆၀၆၆
-၄၀၆၀၆၇
-၄၀၆၀၆၈
-၄၀၆၀၆၉
-၄၀၆၀၇၀
-၄၀၆၀၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်၃၂ ၊ နေပြည်တော်။

စာအမှတ်၊ စစတ-ဦး / ၇၂၁(၁၄၇၈ /၂၀၁၂)။
ရက်စွဲ၊၂၀၁၂ခုနှစ်၊အောက်တိုဘာလ(၂) ရက်။

အမှာစာ

အကြောင်းအရာ။ ။ **Bago Sports Gloves Co.,Ltd. မှ CMP စနစ်ဖြင့် လက်အိတ် ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ။**

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက် စုဆောင်း ရှာဖွေမြှင့်တင်ရေးအဖွဲ့၏ (၂၂- ၉ - ၂၀၁၂) ရက်စွဲပါစာအမှတ်၊ ရက - ၆(ခ)/ န- ၇၁၈ /၂၀၁၂(၁၀၉၅၇-ဈ)။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ Bago Sports Gloves Co.,Ltd. မှ CMP စနစ်ဖြင့် လက်အိတ် ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စရပ်အပေါ် စီးပွားရေး တွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များအား စိစစ်ပြီး တွေ့ရှိချက်များ ပြန်ကြား ပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပြုလွှာပါ ငွေသားစီးဆင်းမှု စာရင်းများကို အခြေခံ၍ စိစစ်တွက်ချက်ရာ အောက်ပါအတိုင်း တွေ့ရှိရပါကြောင်း ပြန်ကြားအပ်ပါသည် -

(က) ငွေသားစီးဆင်းမှုစာရင်း (Cash Flow) မှ အချက်အလက်များဖြင့် တွက်ချက်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၆.၉၉% ရရှိပြီး ကုမ္ပဏီမှ တွက်ချက် တင်ပြသည့်(IRR) မှာ ၁၀.၇၂% ဖြစ်သဖြင့် ကွဲလွဲမှု ရှိနေပြီး ကွဲလွဲမှုအား စိစစ်ကြည့်ရာ ကုမ္ပဏီမှ တွက်ချက်ထားသည်မှာ (၁၁) နှစ် မှ (၃၀)နှစ် ထိ ပေါင်း၍ (Discount Factor) တစ်မျိုးတည်းဖြင့် တွက်ချက်ထားသည်ကို တွေ့ရှိရပါကြောင်း။

(ခ) တွက်ချက်ရရှိသော အရင်းကြေကာလမှာ ၁၃ နှစ် နှင့် ၄ လ ဖြစ်ပြီး အဆိုပြုလွှာပါ အရင်း ကြေကာလနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊

စာအမှတ် 3451
ရက်စွဲ 3/10/12

ကြည့်ရှုပြီး	
ညွှန်ချုပ်	[illegible]
ဒု-ညွှန်ချုပ်	
ညွှန်မှူး	[illegible] 4/10
ဒု-ညွှန်မှူး	
လ/ထ ညွှန်မှူး	
ဦးစီးအရာရှိ	
ဒု-ဦးစီးမှူး	
ရက်စွဲ	4/10/2012

[illegible]

[illegible]

(ဂ) Bago Sports Gloves Co.,Ltd. သည် ပဲခူးတိုင်းဒေသကြီး၊ မြေကွက်အမှတ်(၃၂)၊ စက်မှုဇုန် ဧရိယာတွင် CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ငန်းအား စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၃.၃၈) သန်းဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံခြားသား ရာနှုန်းပြည့်(၁၀၀%) ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ကြောင်း၊ အဆိုပါ အထည်ချုပ် စက်ရုံမှ နိုင်ငံတကာ အဆင့်မီ အဝတ်အထည်များ ထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြန်လည်တင်ပို့ ရောင်းချသွားမည် ဖြစ်ကြောင်း၊

(ဃ) **ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုများ** အတွက် မီးဘေးကြိုတင် ကာကွယ်ရန်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု တို့အတွက် အစီအမံများ ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန် အတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

(င) **လူမှုရေးအကျိုးသက်ရောက်မှု** အတွက် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ အနေဖြင့် မြန်မာနိုင်ငံသားဝန်ထမ်း (၂၇၄) ခန့် အလုပ်အကိုင်ရရှိနိုင်ခြင်း၊ နည်းပညာများ ရရှိနိုင်ခြင်း၊ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်သာယာရေးနှင့် သက်သာချောင်ချိရေး အစီအစဉ်များ (Factory Welfare Plan) ဆောင်ရွက်ပေးထားခြင်းနှင့် လူမှုဖူလုံရေး ခံစားခွင့်များ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးမည့် လူမှုရေးတာဝန် သိသည့် စီးပွားရေး လုပ်ငန်း(Socially Responsible Business) ဖြစ်ရန်နှင့် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်းအဖွဲ့ နှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း၊

(စ) အဆိုပါ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့် ရရှိလာနိုင်ခြင်း၊ နည်းပညာသစ်များ ရရှိစေနိုင်ခြင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မှုမှ တစ်ဆင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်နိုင်စေခြင်း၊ Made in Myanmar Product များ အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ပိုမိုတိုးတက် တင်ပို့နိုင်ခြင်း၊ နိုင်ငံတော် အတွက် အခွန်အကောက်များ တိုးတက်စေနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမို တိုးတက် လာစေနိုင်ခြင်းတို့ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီမှလည်း ကြီးကြပ် ကွပ်ကဲရန် လိုအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့် အလုပ်သမား ဥပဒေ အားလေးစားလိုက်နာရန်ဖြစ်ပါကြောင်း၊

(ဆ) မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများစသည့် ပြည်တွင်းဥပဒေ လုပ်ထုံးလုပ်နည်းများအား လေးစား လိုက်နာရန် ဖြစ်ပါကြောင်း။

၃.၁၀.၂၀၁၂

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ခင်နွဲ့ရီ ၊ ဒုတိယညွှန်ကြားရေးမှူး)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

မိတ္တူကို- ဝန်ကြီးရုံး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

အကြောင်းအရာ။ Bago Sports Gloves Co., Ltd. မှ CMP စနစ်ဖြင့် လက်အိတ် ချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Bago Sports Gloves Co., Ltd. (Japan)
၂။	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (100 %)
၃။	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် လက်အိတ်ချုပ်လုပ်ခြင်းလုပ်ငန်း
၄။	တည်နေရာ	- ပဲခူးတိုင်းဒေသကြီး၊ စက်မှုဇုန်ဧရိယာ၊ မြေကွက်အမှတ်(၃၂)
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၃.၃၈၀သန်း
၆။	ထည့်ဝင်သည့် အမျိုးအစား	- US$ (သန်း)
	ငွေသား	- ၀.၇၆၂
	စက်ပစ္စည်း(ပြည်ပဝယ်)	- ၀.၉၄၂
	မော်တော်ယာဉ်(ပြည်တွင်းဝယ်)	- ၀.၀၇၃
	အဆောက်အဦ	- ၁.၆၀၃
	စုစုပေါင်း	၃.၃၈၀
၇။	လုပ်ငန်းသက်တမ်း	- ၃၀နှစ်
၈။	တည်ဆောက်ရေးကာလ	- ၈လ
၉။	မြေဧရိယာ	- ၁၀,၁၁၀ စတုရန်းမီတာ(၂.၄၇ ဧက)
၁၀။	မြေငှားရမ်းခနှုန်း	- အမေရိကန်ဒေါ်လာ
	ပထမ(၁၀)နှစ်	- ၁၅,၁၁၅ (တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၁.၅၀)
	ဒုတိယ(၁၀)နှစ်	- ၂၀,၂၂၀ (တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၂.၀၀)
